# ငါးနှစ်ကြာခုခံတော်လှန်မှုက စစ်ရာဇဝတ်ဂိုဏ်းကို ဖြိုဖျက်ပစ်မည့် မြန်မာပြည်သူတို့၏ စိတ်ပိုင်းဖြတ်မှုကို ပြသနေ

မြန်မာစစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုစတင်ပြီး ၅ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ မြန်မာပြည်သူများသည် ပြောင်မြောက်သောသတ္တိ၊ စိတ်ပိုင်းဖြတ်မှုနှင့် စွန့်လွှတ်ပေးဆပ်မှုများစွာဖြင့် ဆက်လက်ကြံ့ကြံ့ခံ တော်လှန်နေကြဆဲ ဖြစ်သည်။

စစ်အုပ်စု၏ လက်ရဲဇတ်ရဲအကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများနှင့် နိုင်ငံအနှံ့ အကြမ်းဖက်စစ်ဆင်ရေးများမှတဆင့် လူထုအပေါ် ထိတ်လန့်ကြောက်မက်ဖွယ်ရာများ ကျူးလွန်နေသော်လည်း၊ အားလုံးအတွက် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် ပြည်သူ့တော်လှန်ရေးသည်ကား ဆက်လက်ကြံ့ကြံ့ခံ ရှင်သန်အားကောင်းနေဆဲဖြစ်သည်။

မဟုတ်မမှန်လုပ်ကြံသော နိုင်ငံရေးတရားဝင်မှု ဖန်တီးနိုင်ရေးအတွက် စစ်အုပ်စု၏ ကြိုးပမ်းမှုများသည် ကျရှုံးခဲ့ပြီးဖြစ်သည်။ ၎င်းတို့၏ အတုအယောင်ရွေးကောက်ပွဲသည် အန္တရယ်အသွယ်သွယ်ရှိသည့်ကြားက ပြည်တွင်းနှင့် အဝေးရောက်မြန်မာပြည်သူတို့၏ ကျယ်ကျယ်ပြန့်ပြန့် သပိတ်မှောက်မှုများ၊ ဆန္ဒပြမှုများနှင့်သာ ရင်ဆိုင်ခဲ့ရသည်။

တစ်ချိန်တည်းတွင်ပင် ခုခံတော်လှန်ရေးတပ်များသည် နိုင်ငံတဝန်း အောင်ပွဲများရရှိလာသည်နှင့်အမျှ စစ်အုပ်စုသည် နယ်မြေထိန်းချုပ်မှုများကို လက်လွှတ်ဆုံးရှုံးလာရပြီ ဖြစ်သည်။

တိုင်းပြည်အာဏာကို အလုံးစုံထိန်းချုပ်နိုင်ရန် ၅ နှစ်တာကြိုးပမ်းခဲ့ပြီးနောက်တွင်၊ တရားမဝင် ဥပဒေမဲ့ စစ်အုပ်စုသည် တိုင်းပြည်ကိုအုပ်ချုပ်ရန်အတွက် မြန်မာပြည်သူလူထုထံမှဖြစ်စေ၊ နိုင်ငံတကာ အသိုင်းအဝိုင်းထံမှဖြစ်စေ မည်သည့်လုပ်ပိုင်ခွင့်အာဏာမှ ရရှိနေခြင်းမရှိကြောင်း ထင်ရှားခဲ့ပြီဖြစ်သည်။

အတားအဆီး အဟန့်အတားများ အထပ်ထပ်ကာရံထားစေကာမူ မြန်မာပြည်သူများသည် ဖက်ဒရယ်ဒီမိုကရေစီ အနာဂတ်တစ်ရပ်ကို အောက်ခြေမှစ၍ တည်ဆောက်ရန် စုပေါင်းကြိုးပမ်းနေကြပြီဖြစ်သည်။

လူမျိုး၊ ကိုးကွယ်ယုံကြည်မှုနှင့် ဒေသနယ်နမိတ်စည်းများကို ကျော်လွန်၍ ပြည်သူများသည် စစ်အုပ်စု ထိန်းချုပ်နိုင်မှုမရှိသည့်နေရာများတွင် ဒီမိုကရေစီအင်စတီကျူးရှင်းများ၊ အပြန်အလှန်ရိုင်းပင်းကူညီရေး ကွန်ရက်များနှင့် ပြည်သူ့အုပ်ချုပ်ရေးစနစ်များကို တည်ဆောက်လျက်ရှိကြသည်။

သေချာသည်မှာ မြန်မာနိုင်ငံ၏ အနာဂတ်ကို ပုံဖော်သူများသည် စစ်ဗိုလ်ချုပ်ကြီးများမဟုတ်ဘဲ မြန်မာပြည်သူများသာ ဖြစ်ပေသည်။

သို့ရာတွင် စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးသည် ၎င်း၏မဟာမိတ် အာဏာရှင်အစိုးရများ၊ နိုင်ငံတကာ ကုမ္ပဏီကြီးများ၊ နိုင်ငံတကာဘဏ်များနှင့် မြန်မာခရိုနီများ၏ ထောက်ပံ့မှုဖြင့် ဆက်လက်သက်ဆိုးရှည်နေဆဲ ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းများသည် စစ်တပ်ကို ငွေကြေး၊ လက်နက်၊ စစ်အသုံးအဆောင်နှင့် လေ့ကျင့်ရေးများ ပံ့ပိုးပေးလျက်ရှိပြီး၊ ကမ္ဘာလုံးဆိုင်ရာ အရေးယူဆောင်ရွက်မှု ကင်းမဲ့နေခြင်းကလည်း စစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်ခြင်းများကို အားပေးကူညီလျက်ရှိသည်။

အဆိုပါကုမ္ပဏီများနှင့် ခရိုနီများသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုအပါအဝင် လူမျိုးစု လူနည်းစုဝင်များအပေါ် ဆယ်စုနှစ်ပေါင်းများစွာ ရက်စက်ကြမ်းကြုတ်မှုကြီးများကို ကျူးလွန်ခဲ့ကြသည့် စစ်တပ်နှင့် စစ်ဗိုလ်ချုပ်ကြီးများကို ဆက်လက်ကျောထောက်နောက်ခံပြုကာ အကျိုးအမြတ်ရှာဖွေနေခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ်မှစ၍ ၎င်းတို့သည် မြန်မာနိုင်ငံတဝန်းရှိ ပြည်သူများအပေါ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း လွတ်ကင်းစွာဖြင့် ကျူးလွန်ခဲ့ကြသည်။ ယင်းရာဇဝတ်မှုကြီးများအတွက် တာဝန်ရှိသူအားလုံးကို မဖြစ်မနေ အပြစ်ပေးတာဝန်ခံ စေရမည်ဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ငါးနှစ်တာကာလ ကြာမြင့်ခဲ့ပြီ ဖြစ်ပေမယ့် မြန်မာစစ်အုပ်စုအနေနဲ့ သူရဲ့ အာဏာရှင်စနစ်နဲ့ ဖိနှိပ်မှုယန္တရားကို ခုခံတော်လှန်လိုတဲ့ ပြည်သူ တွေရဲ့ဆန္ဒကို ရိုက်ချိုးနိုင်ခြင်း မရှိပါဘူး။ သူတို့တွေအနေနဲ့ တရားဝင်မှုသော်လည်းကောင်း၊ အုပ်ချုပ်ခွင့် အာဏာသော်လည်းကောင်း မရှိတဲ့အတွက် ပြည်သူတွေအပေါ် အကြမ်းဖက်တဲ့နည်းလမ်းကိုပဲ အားကိုးတော့ တာဖြစ်ပါတယ်။

အခုအခါ စစ်အုပ်စုက အမည်ခံ "ရွေးကောက်ပွဲ" တစ်ရပ်ကို ဖန်တီးပုံဖော်နေပေမယ့် ဒါဟာ အတုအယောင် ရွေးကောက်ပွဲသာဖြစ်ပြီး မြန်မာပြည်သူတွေကို လှည့်စားနိုင်ခြင်းမရှိသလို နိုင်ငံခြားအစိုးရတွေကိုလည်း လှည့်စားလို့ရမှာ မဟုတ်ပါဘူး။

အစိုးရများအနေနဲ့ စစ်အုပ်စုရဲ့ အတုအယောင်ရွေးကောက်ပွဲနဲ့ ရလာဒ်တွေကို ငြင်းပယ်ရမှာဖြစ်ပြီး၊ စစ်အုပ်စု ရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို သက်ဆိုးရှည်စေတဲ့ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ ပစ္စည်းကိရိယာနဲ့ လေယာဉ်ဆီ လမ်းကြောင်းတွေကို ရပ်တန့်စေဖို့အတွက် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်တဲ့ ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှု တွေကို ဟန်ချက်ညီ ချမှတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကုမ္ပဏီများနဲ့ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ စစ်အုပ်စု၊ ၎င်းနဲ့ဆက်စပ် စီးပွားရေးလုပ်ငန်းတွေနဲ့ ခရိုနီများထံမှ ရင်းနှီးမြှုပ်နှံငွေကြေးများနဲ့ ပတ်သက်ဆက်နွှယ်မှုတွေကို ပြန်လည်ရုတ်သိမ်းခြင်းဖြင့် သူတို့ရဲ့ ကြံရာပါ ပတ်သက်နေမှုကို အဆုံးသတ်ရမှာ ဖြစ်ပါတယ်။

ခုခံတော်လှန်ရေးက ခြောက်နှစ်မြောက်ကာလကို ဝင်ရောက်လာချိန်မှာ ကမ္ဘာကြီးအနေနဲ့ စစ်ရာဇဝတ်ဂိုဏ်း ကို အမြစ်ဖြတ်ချေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီအနာဂတ် တည်ဆောက်ဖို့ ကြိုးပမ်းနေတဲ့ မြန်မာပြည်သူ တွေရဲ့အားထုတ်မှုများနဲ့အတူ တစ်သားတည်း သွေးစည်းညီညွတ်စွာ ရပ်တည်ပေးကြရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

## ပိုမိုသိရှိနိုင်ရန်

**Justice For Myanmar** သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှု များမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက် နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**